မုန်းကွန်(ရှမ်း)ကျေးရွာ
ဟိုပန်မြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၂၀ – ၂၀၂၄)

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
မုန်းကွန်(ရှမ်း)ကျေးရွာ၊ ဟိုပန်မြို့နယ်
(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)
၂၀၂၀ ခုနှစ်၊ ဇွန်

မာတိကာ

စဉ်	အကြောင်းအရာ	
၁။	စကားချီး	၃
၂။	ကျေးရွာ သယံဇာတပြန်လည်ပုံ၊	၄
၃။	ကျေးရွာ ရာသီခွင်ပြ ပြက္ခဒိန်၊	၅
၄။	ကျေးရွာတွင်းနှင့်ကျေးရွာ ပြင်ပအဖွဲ့အစည်းများဆက်စပ်မှုပြပုံ၊	၆
အပိုင်း (က) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေး လုပ်ငန်းများ		
၁။	တည်နေရာနှင့် ပထဝီဝင် အနေအထား	၈
၂။	ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ	၈
၃။	လူဦးရေဆိုင်ရာ အချက်အလက်များ	၈
၄။	ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ	၈
၅။	စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ	
	(က) သီးနှံ စိုက်ပျိုးရေး	၉
	(ခ) မွေးမြူရေးလုပ်ငန်း	၉
	(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ	၉
	(ဃ) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု	၁၀
၆။	အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ	
	(က) ကျေးလက် သယ်ယူပို့ဆောင်ရေး	၁၀
	(ခ) ကျေးရွာ မီးလင်းရေး	၁၀
	(ဂ) သတင်းနှင့် ဆက်သွယ်ရေး	၁၀
၇။	ပညာရေး	၁၁
၈။	ကျန်းမာရေး	၁၁
၉။	ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး	၁၁
၁၀။	ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ	၁၁
၁၁။	ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး	၁၂
၁၂။	ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး	၁၂
၁၃။	ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ	၁၃
အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက်		
	စီမံချက် အဆိုပြုလွှာ (၁)	၁၅
နောက်ဆက်တွဲ		
	နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း	၁၇
	နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ	၁၈
	နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား	၅၉

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၀ခုနှစ်မှ ၂၀၂၄ခုနှစ်အထိ (၅)နှစ်ကြာအကောင်အထည်ဖော်ဆောင်ရွက်သည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများ စုပေါင်းပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသောကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နည်းပေးလမ်းပြကူညီပံ့ပိုးပေး၍ လိုအပ်သည်များကိုစီစဉ်ဆောင်ရွက်ပေးပါသည်။ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏာန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏာန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်းကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏာန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်းကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏာန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသောဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာဦးစီးဌာနအသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှု များရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည် ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ်ဦးစားပေးစီမံချက်အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား စသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။


ဇွန် လ ၂၀၂၀

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
မုန်းကွန်(ရှမ်း)ကျေးရွာ
ဟိုပန်မြို့နယ်


ဟိုပန်မြို့နယ်၊ မုန်းကွန်(ရွာမ်း)ကျေးရွာ သယံဇာတပြမြေပုံ



ဟိုပန်မြို့နယ်၊ မုန်းကွန်(ရှမ်း)ကျေးရွာ ရာသီခွင်ပြ ပြက္ခဒိန်



ဟိုပန်မြို့နယ်၊ မုန်းကွန်(ရှမ်း)ကျေးရွာ ကျေးရွာတွင်းနှင့် ကျေးရွာပြင်ပ ဆက်စပ်မှုပြပုံ


ကျေးရွာတွင်း
ကျေးရွာပြင်
ကျေးရွာ
ကျေးရွာ
ကျေးရွာ

အဝိုင်း (က)

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်

ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

မုန်းကွန်(ရွာမ)ကျေးရွာသည် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ဟိုပန်ခရိုင်၊ ဟိုပန်မြို့နယ်၏ မုန်းကွန် ကျေးရွာအုပ်စုတွင် တည်ရှိပါသည်။ ဟိုပန်မြို့၏ အရှေ့တောင်ဘက်တွင် တည်ရှိပါသည်။ ကျေးရွာ၏ အရှေ့ဘက်တွင် နမ့်မုန်းကျေးရွာ၊ အရှေ့တောင်ဘက်တွင် မုန်းကွန်(ရွာမ)ကျေးရွာ၊ အရှေ့မြောက်ဘက်တွင် လွယ်လုံကျေးရွာနှင့် နမ့်ပီးကျေးရွာ၊ တောင်ဘက်တွင် ဟထေကျေးရွာ စသည်တို့ တည်ရှိပါသည်။ ကျေးရွာတွင် 'ရှမ်း'လူမျိုးများသာ နေထိုင်ကြပါသည်။

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

ကျေးရွာ၏ ရွာသီဥတုမှာ အေးသောရာသီဥတုဖြစ်ပါသည်။ စိုက်ပျိုးနိုင်သော မြေဧရိယာမှာ (၁၂၇.၅)ဧကော ရှိပါသည်။ များသောအားဖြင့် မေလတွင် မိုးစတင်ပြီး အောက်တိုဘာလတွင် မိုးကုန် ပါသည်။ ဇွန်နှင့်ဇူလိုင်လတွင် မိုးအများဆုံးရွာသွန်းပြီး မိုးရေချိန်သည် တစ်နှစ်ပတ်လုံး ပျမ်းမျှ (၇၀ မှ ၁၀၀)လက်မ ရွာသွန်းပါသည်။ ပျမ်းမျှအမြင့်ဆုံး အပူချိန် (၃၃.၈၀)ဒီဂရီ အနိမ့်ဆုံးအပူချိန် (၁၁.၀၀) ဒီဂရီစင်တီဂရိတ် ရှိပါသည်။

၃။ လူဦးရေဆိုင်ရာ အချက်အလက်များ

ကျေးရွာတွင် အိမ်ခြေ(၃၈)၊ လူဦးရေပေါင်း(၂၃၇)ဦးရှိပြီး ရှမ်းလူမျိုးများသာ နေထိုင်ကြပါသည်။ တစ်အိမ်ထောင်လျှင် ပျမ်းမျှ(၄)ဦးရှိသောကြောင့် မြန်မာနိုင်ငံ၏စံနှုန်းဖြစ်သော တစ်အိမ်ထောင် (၅)ယောက် နှုန်းအောက်တွင် ရှိပါသည်။ ကျေးရွာတွင် နို့စို့အရွယ်ကလေးငယ်စုစုပေါင်း(၃)ဦး၊ (၁.၂၆%)နှင့် သက်ကြီး ရွယ်အို(၁၂)ဦး၊ (၅.၁%)ရှိပါသည်။ (၅)နှစ်အောက် ကလေးငယ်(၁၆)ဦး (၆.၇၅%)ရှိပါသည်။ ကျေးရွာတွင် အလုပ်လုပ်နိုင်သောလူဦးရေသည် (၁၆၃)ဦး၊ (၆၈.၇၇%)ရှိသည့်အတွက် အလုပ်လုပ်နိုင်သောသူ များပြားပါသည်။ ထို့ပြင် အမျိုးသားဦးရေသည် အမျိုးသမီးဦးရေထက် (၃.၈%)ခန့် နည်းပါသည်။

၄။ ဖွံ့ဖြိုးရေးဆိုင်ရာ စိမံခန့်ခွဲမှုအခြေအနေ

ကျေးရွာတွင် ၂၀၁၄-၂၀၁၅ခု ဘဏ္ဍာရေးနှစ်တွင် ကျေးလက်ဦးစီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်ပေးထားသော အရင်းမပျောက်လည်ပတ်ရန်ပုံငွေ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရရှိထားပါသည်။ ထိုစီမံကိန်းကို ကျေးရွာများမှ ဆက်လက်အကောင်အထည်ဖော်ရန်အတွက် ကျေးရွာတွင်းမြစိမ်းရောင် ကော်မတီအား ဖွဲ့စည်းထားရပါသည်။ ထိုကော်မတီများမှတစ်ဆင့် ကျေးရွာသူ/သားများအား အတိုးနှုန်း သက်သာစွာဖြင့် ချေးငွေထုတ်ပေးခြင်း၊ ထုတ်ချေးငွေများအား ပြန်လည်ကောက်ခံခြင်း၊ ငွေစာရင်းရှင်းလင်း ခြင်း၊ ငွေစာရင်းစစ်ဆေးခြင်း၊ ချေးငွေအတည်ပြုခြင်း၊ ချေးငွေအတိုးတွက်ချက်ခြင်းနှင့် ငွေကြေးဆိုင်ရာစီမံ ခန့်ခွဲခြင်းတို့ကို ကျေးရွာမြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီနှင့် မြစိမ်းရောင်ဘဏ္ဍာရေးဆပ်ကော်မတီ တို့မှ တာဝန်ယူဆောင်ရွက်ပေးရပါသည်။ ရပ်မိရပ်ဖအဖွဲ့၊ အုပ်ချုပ်ရေးအဖွဲ့နှင့် လူငယ်အဖွဲ့များမှာကျေးရွာ တွင်း သာရေး/နာရေးကိစ္စများ ဆောင်ရွက်ရာတွင် အချင်းချင်းချိတ်ဆက်ဆောင်ရွက်ကြပြီး ကျေးရွာဖွံ့ဖြိုး

ရေးကိစ္စရပ်များ၊ ပညာရေးနှင့် ကျန်းမာရေးကိစ္စရပ်များကိုတော့ သက်ဆိုင်ရာဌာနများနှင့်ချိတ်ကာ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအား လုပ်ကိုင်ကြပါသည်။

၅။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံစိုက်ပျိုးရေး

ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိကထားလုပ်ကိုင်ကြပါသည်။ကျေးရွာရှိ အိမ်ထောင်စုအများစုမှာ မြေယာပိုင်ဆိုင်မှုအသင့်အတင့်ရှိပြီး အိမ်ထောင်စု(၃)စုသာ မြေယာမဲ့ဖြစ်ပါသည်။ အဓိကအားဖြင့် ပြောင်းနှင့်ပဲသီးတို့ကိုစိုက်ပျိုးကြပြီး စပါးကို အိမ်စားသုံးရန်အတွက်သာ စိုက်ပျိုးကြပါသည်။ စိုက်ပျိုးရေအတွက် အနီးနားရှိ မုန်းကွန်ချောင်းမှရေကိုသာ အဓိကမှီခိုအားထားနေရသောကြောင့် ရာသီဥတုမမှန်သော်လည်း ချောင်းမှရေကို ရေစုပ်စက်ရှိသူများက ရေစုပ်စက်များဖြင့် ရေစုပ်တင်ကာ အသုံးပြုကြသဖြင့် အခက်အခဲတော့မရှိပါ။

စိုက်ခင်းများမှာ မုန်းကွန်ချောင်းဘေးတွင်သာ စိုက်ပျိုးရသောကြောင့် ထွန်စက်များကိုသာအသုံးပြုကြပါသည်။ကျေးရွာတွင် စိုက်ပျိုးရေးသုံးကိရိယာပိုင်ဆိုင်သူများ အနည်းငယ်ရှိပြီး စိုက်ပျိုးရေးသုံးကိရိယာမရှိသူများမှာ အခြားသူများထံသို့ ငှားရမ်းခအနေဖြင့် ငွေသားပေးစရာမလိုပဲ ဆီထည့်ပေးခြင်းဖြင့် ငှားရမ်းကြပါသည်။

ကျေးရွာတွင် စိုက်ပျိုးသော သီးနှံမျိုးစိတ်များနှင့် ဓါတ်မြေဩဇာများ၊ ဓါတုပိုးသတ်ဆေးများကို ဟိုပန်မြို့နှင့် နယ်စပ်မြို့ဖြစ်သောချင်းရွှေဟော်မြို့တွင် ဝယ်ယူသုံးစွဲကြပါသည်။ သဘာဝမြေဩဇာအဖြစ် နွားချေး၊ ကြက်ချေး၊ ကျွဲချေးနှင့် ဝက်ချေးတို့ကို အသုံးပြုနိုင်သော်လည်း စိုက်ခင်းတွင် အသုံးပြုရန်မလုံလောက်သောကြောင့် သုံးစွဲသူနည်းပါးပါသည်။ ကျေးရွာမှထွက်ရှိသော စိုက်ပျိုးရေးထွက်ကုန်များကို ဟိုပန်မြို့နှင့် ချင်းရွှေဟော်မြို့တွင်သာ တင်ပို့ရောင်းချကြပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိကထားလုပ်ကိုင်ကြသောကြောင့် စီးပွားဖြစ်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူမရှိပါ။ အိမ်စားသုံးရန်အတွက်သာ မွေးမြူကြပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းအဖြစ် ခေါက်ဆွဲဆိုင်ရောင်းခြင်း၊ အထည်ရောင်းခြင်းနှင့် ကုန်စုံဆိုင်ရောင်းခြင်းလုပ်ငန်းအနည်းငယ် လုပ်ကိုင်ကြပါသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

တောင်ပေါ်ဒေသဖြစ်ပြီး လမ်းပန်းဆက်သွယ်ရေးမှာ မခက်ခဲသော်လည်း ဘဏ်နှင့် ငွေကြေးလက်လှမ်းမှီနိုင်မှုမှာ အလွန်နည်းပါးပါသည်။ သို့သော်ကျေးလက်ဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်ပေးထားသော မြစိမ်းရောင်ကျေးရွာစီမံကိန်းမှ အရင်း/အတိုးဆပ်ကာလ(၁၂)လအား အတိုးနှုန်း(၀.၅%)အတိုးနှုန်းသက်သာစွာဖြင့် ချေးငွေရယူနိုင်ပါသည်။

၆။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ကျေးရွာတွင်းလမ်းသည် မြေသားလမ်းများဖြစ်ပြီး မိုးရာသီတွင်သွားလာရ ခက်ခဲပါသည်။၂၀၁၂-၂၀၁၃ခု ဘဏ္ဍာရေးနှစ်တွင် လုံတုံးရွှေ-မုန်းကွန်(ရွာမ)-မုန်းကွန်(ရှမ်း) ကျေးရွာချင်းဆက်ကျောက်ချောလမ်း၊ ၂၀၁၃-၂၀၁၄ခု ဘဏ္ဍာရေးနှစ်တွင် လုံတုံးရွှေ-မုန်းကွန်(ရွာမ)-မုန်းကွန်(ရှမ်း)ကျေးရွာချင်းဆက် ကတ္တရာလမ်းနှင့် မုန်းကွန်(ရှမ်း)-လွယ်လုံ-နမ့်ပီးကျေးရွာချင်းဆက် ကျောက်ချောလမ်းနှင့် ၂၀၁၅-၂၀၁၆ခု ဘဏ္ဍာရေးနှစ်တွင် မုန်းကွန်(ရှမ်း)-လွယ်လုံ-နမ့်ပီး ကျေးရွာချင်းဆက်ကတ္တရာလမ်းများအား ကျေးလက်ဦးစီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်ပေးထားပြီးဖြစ်ပါသည်။

ထပ်မံ၍ ၂၀၁၂-၂၀၁၃ခု ဘဏ္ဍာရေးနှစ်တွင် မုန်းကွန်(ရွာမ)-မုန်းကွန်(ရှမ်း)ရွာချင်းဆက် Box Culvert (၁)စင်းနှင့် Concrete တံတား(၁)စင်း၊ လုံတုံးရွှေ-မုန်းကွန်(ရွာမ) - မုန်းကွန်(ရှမ်း)ကျေးရွာ ချင်းဆက် Box Culvert(၁)စင်း၊ ၂၀၁၃-၂၀၁၄ခု ဘဏ္ဍာရေးနှစ်တွင် မုန်းကွန်(ရွာမ)-မုန်းကွန်(ရှမ်း) ရွာချင်းဆက်လမ်းပေါ်ရှိ Box Culvert (၁)စင်း စုစုပေါင်းတံတား(၄)စင်းကို ကျေးလက်ဦးစီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်ပေးထားပါသည်။

ကျေးရွာတွင်းရှိ အိမ်ထောင်စုအများစုတွင် ဆိုင်ကယ်များ ပိုင်ဆိုင်ကြပြီး အဆင်ပြေသောအိမ်ထောင်စုအချို့တွင် ကား၊ ထော်လာဂျီများလည်း ပိုင်ဆိုင်ကြပါသည်။

(ခ) ကျေးရွာ မီးလင်းရေး

ကျေးရွာမှာ မဟာဓါတ်အားလိုင်းနှင့် (၆၁/၀)မိုင်ကျော်ခန့်ကွာဝေးသောကြောင့် ဓါတ်အားလိုင်းမှ လျှပ်စစ်မီးမရရှိသော်လည်း နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်ပေးထားသည့် ဆိုလာမီးများရရှိထားပြီး ၂၀၁၉-၂၀၂၀ခု ဘဏ္ဍာရေးနှစ်တွင် ကျေးလက်ဦးစီးဌာနမှ ဆောင်ရွက်ပေးထားသော တစ်အိမ်သုံးဆိုလာ ICB-3 လည်းရရှိထားပါသည်။ တနိုင်တပိုင်ရေအားလျှပ်စစ်မီးနှင့်လည်း အသုံးပြုကြပါသည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာတွင် မြန်မာဖုန်းတာဝါတိုင်များ မရှိပါ။ တရုတ်ဖုန်းလိုင်းသာရရှိပြီး မိုးသည်းထန်စွာရွာသွန်းချိန်တွင် ရရှိသော တရုတ်ဖုန်းလိုင်းမှာ ပြတ်တောက်သွားတတ်သည့်အတွက်ကြောင့် ဆက်သွယ်ရခက်ခဲသော ကျေးရွာဖြစ်ပါသည်။

၇။ ပညာရေး

ကျေးရွာတွင် မူလတန်းစာသင်ကျောင်းရှိပြီး ကျောင်းဆရာ/မ(၃)ဦးရှိကာ လက်ရှိပညာသင်ကြားနေသော ကျောင်းသူ/သားဦးရေ (၄၉)ဦးရှိပါသည်။ အလယ်တန်းပညာသင်ကြားသူ (၁၁)ဦးနှင့် အထက်တန်းပညာသင်ကြားသူ(၁)ဦးရှိပြီး မိမိတို့ဆွေမျိုးများရှိသော ဟိုပန်မြို့သို့ သွားရောက်ပညာသင်ကြားကြပါသည်။ ကျေးရွာရှိစာသင်ကျောင်းမှာ မူလတန်းကျောင်းသာဖြစ်သောကြောင့် ရွာရှိ ကျောင်းသား/သူအများစုမှာ မူလတန်းအထိသာ ပညာသင်ကြားကြပြီး ကျောင်းထွက်ကာ မိဘ၏ စိုက်ပျိုးရေးလုပ်ငန်းများတွင် ကူညီလုပ်ကိုင်ကြပါသည်။

၈။ ကျန်းမာရေး

ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနမရှိသော်လည်း ကျေးလက်ကျန်းမာရေးဌာနရှိသော ရွာနှင့် (၁/၂)မိုင်ခန့်ကွာဝေးသည့် မုန်းကွန်(ရွာမ)ကျေးရွာရှိ ဆေးပေးခန်းမှဆရာမမှ ကျန်းမာရေးစောင့်ရှောက်မှုများနှင့် ကာကွယ်ဆေးထိုးနှံမှုများကို (၃)လ(၁)ကြိမ် (သို့) (၁)နှစ် (၁)ကြိမ် ပုံမှန်ဆောင်ရွက်ပေးပါသည်။ အနည်းငယ်ဖျားနာခြင်း၊ သွေးတိုး၊ ဆီးချိုအနည်းငယ်ဖြစ်ပွားပါက ရွာနှင့်(၁/၂)မိုင်ကျော်ခန့်ကွာဝေးသော မုန်းကွန်(ရွာမ)ကျေးရွာရှိ ကျေးလက်ကျန်းမာရေးဆေးပေးခန်းသို့သာ ကုသမှုခံယူကြပါသည်။ ထိုဆေးပေးခန်းမှ ကုသ၍မရနိုင်သော ရောဂါမျိုးဖြစ်မှသာ ကျေးရွာနှင့်(၄၅/၀)မိုင်ကျော်ခန့်ကွာဝေးသော ဟိုပန်မြို့နယ်ဆေးရုံသို့လည်းကောင်း သွားရောက်ကုသမှုခံယူကြပါသည်။

၉။ ဘေးအန္တရာယ်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ရာတွင် သဘာဝဓါတ်မြေဩဇာများနည်းပါး၍သော်လည်းကောင်း၊ ဈေးကြီးသော ဓါတုဓါတ်မြေဩဇာများကို မဝယ်နိုင်၍သော်လည်းကောင်း ဈေးနှုန်းအသင့်အတင့်ရှိသော ဓါတုဓါတ်မြေဩဇာများ၊ ပိုးသတ်ဆေးများကိုသာ သုံးစွဲရသောကြောင့် မြေဆီလွှာများပျက်စီးနိုင်ပြီး သဘာဝမှရသော မြေဆီ၊ မြေဩဇာများနည်းပါးလာခြင်းတို့ဖြစ်ပေါ်လာပါသည်။ တောမီးလောင်မှုများနှင့် စည်းမဲ့ကမ်းမဲ့သစ်ခုတ်ခြင်းများကြောင့် သစ်တောများပြုန်းတီးလျက်ရှိပြီး သဘာဝသစ်တောများ ပျက်စီးလာခြင်းကြောင့် ရွာနီးပတ်ဝန်းကျင်ရှိသစ်တောများကို ရွာသူ/သားများက တတ်နိုင်သမျှထိန်းသိမ်းစောင့်ရှောက်ကြရပါသည်။

၁၀။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

ကျေးရွာတွင် ရှေးရိုးစွဲအယူအဆများနှင့် လမ်းပန်ဆက်သွယ်ရေးခက်ခဲမှုများကြောင့် အုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများပါဝင်ခေါင်းဆောင်မှု အားနည်းလျက်ရှိပါသည်။ သို့သော်ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အမျိုးသမီးများအနေဖြင့် တက်ကြွစွာပါဝင်ဆောင်ရွက်လျက်ရှိပါသည်။ နေ့စားလုပ်အားခ

များတွင်လည်း ကျား/မ တန်းတူ အခကြေးငွေ ရရှိသည့်အတွက်ကြောင့် ကျား/မ တန်းတူအခွင့်အရေး ပေးထားကြောင်း တွေ့ရှိရပါသည်။

၁၁။ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး

ကျေးရွာတွင် လူငယ်များအတွက် သီးသန့်အနားယူအပန်းဖြေစရာနေရာမရှိသော်လည်း ရာသီအလိုက် ရိုးရာပွဲတော်များ၊ ဘာသာရေးပွဲတော်များကိုတော့ အလေးထားဆောင်ရွက်ကြပါသည်။ လူမှုရေးလုပ်ငန်းများတွင် လူငယ်များမှာ တက်ညီလက်ညီပါဝင်ဆောင်ရွက်ကြပါသည်။ ကျေးရွာတွင် လူငယ်များ ဗဟုသုတလေ့လာရန်အတွက် စာကြည့်တိုက်မရှိသည့်အတွက် အသိပညာဗဟုသုတများနှင့် စဉ်းစားချင့်ချိန်နိုင်စွမ်းများ လျော့ကျပါသည်။ သို့သော်လည်း ကျေးရွာအတွင်းရှိ ကျေးရွာသူ/သားများမှာ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ၊ ဘာသာရေးလုပ်ငန်းများ ၊ ရိုးရာဓလေ့ထုံးစံများနှင့် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ခြင်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါသည်။

၁၂။ ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး

ကျေးရွာတွင် တရားဥပဒေစိုးမိုးမှုရှိသောကြောင့် မှုခင်းဖြစ်ပွားမှုများ မတွေ့ရှိရပေ။

၃။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

စဉ်	စီမံချက် (Project)	ဦးစားပေး အဆင့်	၂၀၁၉	၂၀၂၀	၂၀၂၁	၂၀၂၂	၂၀၂၃
၁	ပညာရေးဝန်ထမ်းအိမ်ရာတည်ဆောက်ခြင်း	၁	✓				
၂	စိုက်ပျိုးရေသွယ်မြောင်း ပြုပြင်ခြင်း	၂		✓			
၃	ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း	၃			✓	✓	
၄	ဘက်စုံသုံးကျေးရွာခန်းမတည်ဆောက်ခြင်း	၄				✓	
၅	ကျေးလက်လမ်းအဆင့်မြှင့်တင်ခြင်း (သီးနှံကုန်ထုတ်လမ်း)	၅				✓	
၆	ဆက်သွယ်ရေးတာဝါတိုင် ဆောက်လုပ်ခြင်း	၆				✓	✓

အပိုင်း (ခ)

စီမံချက်ဆိုင်ရာ အချက်အလက်များ

နောက်ဆက်တွဲ (၃)

စီမံချက်အဆိုပြုလွှာ(သို့) စီမံချက်အကြောင်းအရာ (Project Profile)

ကျေးရွာ	- မုန်းကွန်(ရှမ်း)
ကျေးရွာအုပ်စု	- မုန်းကွန်
မြို့နယ်	- ဟိုပန်မြို့နယ်
တိုင်း/ပြည်နယ်	- ရှမ်းပြည်နယ်မြောက်ပိုင်း
စီမံချက်အမည်	**-** ပညာရေးဝန်ထမ်းအိမ်ရာတည်ဆောက်ခြင်းလုပ်ငန်း
စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ မုန်းကွန်(ရှမ်း)ကျေးရွာသည် ပညာရေးကျောင်းတွင် လက်ရှိဆရာ၉၁)ဦး၊ ဆရာမ(၃)ဦးရှိပြီး နေထိုင်ရန် ဝန်ထမ်းအိမ်ရာအခက်အခဲရှိပါသည်။ ကျောင်းဝန်းမှာလည်း ကျေးရွာအပြင်ဘက်တွင်ရှိပြီး ဆရာ/မများ အတွက် နေရာထိုင်ခင်းအခက်အခဲရှိခြင်း၊ လုံခြုံစိတ်ချမှု မရှိခြင်းများ ရှိပါသည်။	
စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်) ကျေးရွာဖွံ့ဖြိုးရေးထောက်ပံ့ရန်ပုံငွေဖြင့် ကျေးရွာရှိကျောင်းဆရာ/မများ အခက်အခဲဖြစ်နေသော ပညာရေးဝန်ထမ်းအိမ်ရာ(၂)ခန်းတွဲ တည်ဆောက်လိုပါသည်။	
မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက်ထပ်ဆင့်ရရှိလာမည့်အကျိုးကျေးဇူးများ) ပညာရေးဝန်ထမ်းအိမ်ရာတည်ဆောက်ခြင်းလုပ်ငန်းပြီးစီးသွားပါက ကျေးရွာတွင် တာဝန်ကျပညာရေး ဝန်ထမ်းဆရာ/မများ လုံခြုံစွာနေထိုင်နိုင်ခြင်း၊ ကျောင်းနေအရွယ်ကလေးများ၏ ပညာသင်ကြားခြင်း တိုးတက်လာပါမည်။	
စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်) ပညာရေးဝန်ထမ်းအိမ်ရာတည်ဆောက်ခြင်း (၃၀' x ၂၄' x ၁၂')	
စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု	
ခန့်မှန်းကုန်ကျစရိတ် (ကျပ်)	**ထည့်ဝင်မည့် အစီအစဉ်**
• ၁၀.၀၀ သန်း (ငွေသား) • ၁.၄၁၅ သန်း (ငွေသား) • xxxxxxxxx (ပစ္စည်း + လုပ်အား)	• ကျေးလက်ဦးစီး • ကျေးရွာ • ကျေးရွာ

အကျိုးခံစားသူဦးရေ	**လူဦးရေ**			**ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)**				
	ကျား	**မ**	**ပေါင်း**	**၁**	**၂**	**၃**	**၄**	**ပေါင်း**
ကျေးရွာအဆင့်	၁၁၄	၁၂၃	**၂၃၇**	၇	၂၂	၇	၂	**၃၈**
အကျိုးခံစားမည့်သူ ဦးရေ	၁၁၄	၁၂၃	**၂၃၇**	၇	၂၂	၇	၂	**၃၈**
မှတ်ချက်။ ချောင်လည်အဆင့် - ၁ ၊ အလယ်အလတ်အဆင့် -၂ ၊ ဆင်းရဲ-၃ ၊ အလွန်ဆင်းရဲ - ၄								

စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ/ကျေးရွာသူ/သားများ
(၂) စီမံချက်စတင်မည့် အချိန်ခန့်မှန်း - ၁၄.၃.၂၀၂၀
(၃) စီမံချက် ပြီးစီးမည့် အချိန် - ၂၁.၆.၂၀၂၀
(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် - ကျေးရွာသူများ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း(ပညာရေးဝန်ထမ်းအိမ်ရာ) တွင် လုပ်အား/ငွေအား ပါဝင်လာစေရန် ရပ်မိ/ရပ်ဖ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များမှ တိုက်တွန်းနှိုးဆော်သွားမည်။
(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ဦးဆောင်၍ ရပ်မိ/ရပ်ဖအဖွဲ့ဝင်များ ပါဝင်ခြင်းဖြင့် ပညာရေးဝန်ထမ်းအိမ်ရာလုပ်ငန်း၊ ပြီးစီးသွားသောလုပ်ငန်းပြင်ဆင်ထိန်းသိမ်းခြင်းအား ကျေးရွာသူ/သားများ စုပေါင်းပြုပြင်ဆောင်ရွက်သွားမည်။

နောက်ဆက်တွဲ (၁)

မုန်းကွန်ကျေးရွာ ၊ မုန်းကွန်(ရှမ်း)ကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁။	ဦးအိုက်ထွန်း	ဦးအိုက်ကုမ်း	-	၃၃	ဥက္ကဋ္ဌ	
၂။	ဒေါ်နန်းခမ်းခေါင်	ဦးဆန်ထွန်း	၁၃/မရတ(နိုင်)၀၁၅၄၆၇	၄၂	ဘဏ္ဍာရေးမှူး	
၃။	မနန်းအေးဖောင်	ဦးဟိုအင်	-	၃၈	စာရင်းကိုင်	
၄။	ဦးအင်အွန်	ဦးဟိုအင်	၁၃/ဟပတ(နိုင်) ၀၁၁၇၂၁	၃၁	သော့ကိုင် (၁)	
၅။	ဦးအိုက်(ခ)အိုက်ကုမ်	ဦးဆမ်ကျမ်း	၁၃/ဟပတ(နိုင်)၀၂၀၇၃၈	၂၂	သော့ကိုင် (၂)	
၆။	မောင်အိုက်ကျိုင်း	ဦးဟိုအင်	၁၃/ပလတ(နိုင်) ၀၀၀၅၂၄		အဖွဲ့ဝင်	
၇။	ဦးအိုက်မွန်း	ဦးဟိုအင်	၁၃/ဟပတ(နိုင်)၀၁၉၆၃၃၉	၂၄	အတွင်းရေးမှူး	

နောက်ဆက်တွဲ(၂)

မုန်းကွန်ကျေးရွာအုပ်စု၊ မုန်းကွန်(ရှမ်း)ကျေးရွာ
ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ
(၁)ကျေးရွာ လူမှုစီးပွားရေး အခြေအနေ
(က)လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	-	၃	၃
၁ နှစ်မှ ၄ နှစ် အထိ	၅နှစ်အောက်ကလေးငယ်	၇	၉	၁၆
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၁၂	၁၆	၂၈
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၁၀	၅	၁၅
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၇၈	၈၅	၁၆၃
၆၅ နှစ်နှင့် အထက်	သက်ကြီးရွယ်ကြီး	၇	၅	၁၂
စုစုပေါင်း		**၁၁၄**	**၁၂၃**	**၂၃၇**
စုစုပေါင်း အိမ်ထောင်စု		**၃၈**		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် နို့စို့အရွယ်ကလေးငယ် (၃)ဦး (၁.၂၆%)၊ (၅)နှစ်အောက်ကလေးငယ် (၁၆)ဦး (၆.၇၅%)၊ ကျောင်းနေအရွယ်ကလေးများ (၄၃)ဦး (၁၈.၁၂%)၊ အလုပ်လုပ်နိုင်သည့်အရွယ်မှာ (၁၆၃) ဦး (၆၈.၇၇%)နှင့် သက်ကြီးရွယ်အို (၁၂)ဦး(၅.၁%)ရှိပြီး အလုပ်လုပ်နိုင်သော သူများပါသည်။ ထို့ပြင် အမျိုးသားဦးရေသည် အမျိုးသမီးဦးရေထက် (၃.၈%)ခန့် နည်းပါသည်။

(ခ)အလုပ်လုပ်နိုင်သူ အင်အား
(ခ-၁)လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား
ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကို သာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၃၄	၁၀၀	၆	မြင့်☑ လတ်☐ နိမ့်☐
	အလုပ်သမား/ဝန်ထမ်း	၄	၅	-	မြင့်☐ လတ်☐ နိမ့်☑

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား		
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်☐ လတ်☐ နိမ့်☐
	အလုပ်သမား/ဝန်ထမ်း	-	-	-	မြင့်☐ လတ်☐ နိမ့်☐
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်☐ လတ်☐ နိမ့်☐
	အလုပ်သမား/ဝန်ထမ်း	-	-	-	မြင့်☐ လတ်☐ နိမ့်☐
၄	သစ်တောလုပ်ငန်း				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်☐ လတ်☐ နိမ့်☐
	အလုပ်သမား/ဝန်ထမ်း	-	-	-	မြင့်☐ လတ်☐ နိမ့်☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်☐ လတ်☐ နိမ့်☐
	အလုပ်သမား/ဝန်ထမ်း	-	-	-	မြင့်☐ လတ်☐ နိမ့်☐
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်☐ လတ်☐ နိမ့်☐
	အလုပ်သမား/ဝန်ထမ်း	-	-	-	မြင့်☐ လတ်☐ နိမ့်☐
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်☐ လတ်☐ နိမ့်☐
	အလုပ်သမား/ဝန်ထမ်း	-	-	-	မြင့်☐ လတ်☐ နိမ့်☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်☐ လတ်☐ နိမ့်☐
	အလုပ်သမား/ဝန်ထမ်း	-	-	-	မြင့်☐ လတ်☐ နိမ့်☐
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်☐ လတ်☐ နိမ့်☐
	အလုပ်သမား/ဝန်ထမ်း	-	-	-	မြင့်☐ လတ်☐ နိမ့်☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကို သာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်☐ လတ်☐ နိမ့်☐
	အလုပ်သမား/ဝန်ထမ်း	-	-	-	မြင့်☐ လတ်☐ နိမ့်☐
၁၁	**လက်လီ- လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၆	၆	-	မြင့်☐ လတ်☑ နိမ့်☐
	အလုပ်သမား/ဝန်ထမ်း	-	-	-	မြင့်☐ လတ်☐ နိမ့်☐
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်☐ လတ်☐ နိမ့်☐
	အလုပ်သမား/ဝန်ထမ်း	-	-	-	မြင့်☐ လတ်☐ နိမ့်☐
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်☐ လတ်☐ နိမ့်☐
	အလုပ်သမား/ဝန်ထမ်း	-	-	-	မြင့်☐ လတ်☐ နိမ့်☐
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်☐ လတ်☐ နိမ့်☐
	အလုပ်သမား/ဝန်ထမ်း	-	-	-	မြင့်☐ လတ်☐ နိမ့်☐
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်☐ လတ်☐ နိမ့်☐
	အလုပ်သမား/ဝန်ထမ်း	-	-	-	မြင့်☐ လတ်☐ နိမ့်☐
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်☐ လတ်☐ နိမ့်☐
	အလုပ်သမား/ဝန်ထမ်း	-	-	-	မြင့်☐ လတ်☐ နိမ့်☐
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်☐ လတ်☐ နိမ့်☐
	အလုပ်သမား/ဝန်ထမ်း	-	-	-	မြင့်☐ လတ်☐ နိမ့်☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား		
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့်☐ လတ်☐ နိမ့်☐
	အလုပ်သမား/ဝန်ထမ်း	–	–	–	မြင့်☐ လတ်☐ နိမ့်☐
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့်☐ လတ်☐ နိမ့်☐
	အလုပ်သမား/ဝန်ထမ်း	–	–	–	မြင့်☐ လတ်☐ နိမ့်☐
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	☒
	အလုပ်သမား/ကျပန်း/ရာသီအလိုက်အလုပ်သမား	–	–	–	
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့်☐ လတ်☐ နိမ့်☐
	အလုပ်သမား/ဝန်ထမ်း	–	–	–	မြင့်☐ လတ်☐ နိမ့်☐
	စုစုပေါင်း	၄၄	၁၁၁	၆	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ “အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ” အရေအတွက်တွင် “မိသားစုဝင်လုပ်အား” ထပ်မံ ထည့်သွင်းကောက်ယူခြင်းမပြုရပါ။ “ရပ်တည်နိုင်မှု (နိမ့်၊ မြင့်၊ လတ်)”ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ ဥပမာ–“စိုက်ပျိုးရေး” ကဏ္ဍ၏ “ကိုယ်ပိုင်လုပ်ငန်း” တွင် ရပ်တည်နိုင်မှု “မြင့်” ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်တည်ထောင်လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ကို ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ၏ မိသားစုဝင်များမှာလည်း စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြသောကြောင့် ထိုသူတို့၏ အဓိကဝင်ငွေရလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းသာဖြစ်ပါသည်။စိုက်ပျိုးရေးအတွက် လုပ်သားများကို အခကြေးငွေပေး၍ သော်လည်းကောင်း အလှည့်ကျစနစ်ဖြင့် တစ်ဦးနှင့်တစ်ဦး ကူညီလုပ်ကိုင်ပေးခြင်းဖြင့် လုပ်သားများကို တကူးတက ရှာစရာမလိုပါ။

(ခ-၂) လုပ်ငန်းနှင့်ကျား/မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့်ကျား/မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၁၀၀၀၀	၁၀၀၀၀	၈၀၀၀	၈၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	-	-	-	-
၃	ငါးလုပ်ငန်း(ရေချို/ရေငန်ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား	-	-	-	-
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား	-	-	-	-
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	-	-	-	-
၆	ဆောက်လုပ်ရေး၊လက်သမား၊ပန်းရံ လုပ်ငန်း	နေ့စား	-	-	-	-
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား	-	-	-	-
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	-	-	-	-
၉	ကျွမ်းကျင်ပညာရှင်များ(ဆရာဝန်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)	နေ့စား	-	-	-	-
၁၀	ဟိုတယ်နှင့်စားသောက်ဆိုင်လုပ်ငန်း	နေ့စား	-	-	-	-

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။

မှတ်ချက်။ (၁) **လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)**

(၂) **နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ×၈)**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိကထားလုပ်ကိုင်ကြသဖြင့် စိုက်ပျိုးရေးအတွက် လုပ်သားငှားရမ်းရာတွင် အခကြေးငွေကို ကျား/မ တန်းတူ ခံစားစေသည့်အတွက် ကျား/မ တန်းတူ အခွင့်အရေးပေးထားကြောင်း တွေ့ရှိရပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး (မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်)		
လယ်မြေ	၉၃	ကောင်း ☑	သင့် ☐	ညံ့ ☐
ယာမြေ / တောင်ယာမြေ	၂၉.၅	ကောင်း ☑	သင့် ☐	ညံ့ ☐

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး (မှန်ရာတစ်ခုကိုသာရွေးရန်)
ဥယျာဉ်ခြံမြေ	၅	ကောင်း ☑ သင့်☐ ညံ့ ☐
ကိုင်း/ ကျွန်းမြေ	-	ကောင်း ☐ သင့်☐ ညံ့ ☐
ခနိတောမြေ	-	ကောင်း ☐ သင့်☐ ညံ့ ☐
စားကျက်မြေ	-	ကောင်း ☐ သင့်☐ ညံ့ ☐
မြေလွတ်မြေလပ်	၁၀	ကောင်း ☐ သင့်☑ ညံ့☐
စုစုပေါင်း	**၁၃၇.၅**	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။မြေလွတ်မြေလပ်ဆိုသည်မှာ ယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့်စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်ကသီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာရှိ စုစုပေါင်း စိုက်ပျိုးမြေဧကမှာ (၁၃၇.၅)ဧကော ရှိသော်လည်း အမှန်တကယ်လုပ်ကိုင်စားသောက်၍ရသော မြေဧကမှာ (၁၂၇.၅)ဧကရှိပြီး ကျန်(၁၀)ဧကမှာ တစ်သီးစားအဖြစ် လုပ်ကိုင်စားသောက်၍သာရပါသည်။

(၈-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက် စသည်။)	များ☐ သင့်☐ နည်း☐ မရှိ☑	လွယ်☐ ခက်☐ အသုံးမပြုနိုင်ပါ ☐
ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ	များ☐ သင့်☐ နည်း☐ မရှိ☐	လွယ်☐ ခက်☐ အသုံးမပြုနိုင်ပါ☐
သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင်အပင်များ)	များ☐ သင့်☐ နည်း☐ မရှိ☐	လွယ်☐ ခက်☐ အသုံးမပြုနိုင်ပါ☐
သဘာဝတိရစ္ဆာန်မျိုးစိတ်များ	များ☐ သင့်☐ နည်း☐ မရှိ☐	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အခြားသောတွင်းထွက်သယံဇာတများအပြင် အဘာဝအပင်မျိုးစိတ်များနှင့် သဘာဝတိရိစ္ဆာန်မျိုးစိတ်များ မရှိပါ။ ဖြုန်းတောင်နှင့်ကျောက်တောင်များလည်း မရှိပါ။

(ဃ)ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိ သောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည် သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့်ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေး လုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၇	၂၂	၇	၂

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အိမ်ခြေ၊ အိမ်ထောင်စု (၃၈)စုရှိပြီး လုံးဝအဆင်မပြေသော အိမ်ထောင်စု(၂)စုမှာ စိုက်ပျိုးမြေယာပိုင်ဆိုင်မှုမရှိပဲ နေ့စားလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုကြရပြီး ကျန်သူများမှာ စိုက်ပျိုးမြေ ၈ကေ အနည်းဆုံး(၂)ကေခန့်ရှိသည့်အတွက် အနည်းငယ်တော့ အဆင်ပြေပါသည်။ ကျေးရွာတွင် အိမ်ခြေ၊ အိမ်ထောင်စု(၃၈)စုသာရှိပြီး တစ်ဝက်ကျော်ကျော် လောက်မှာ အလယ်အလတ်ရှိသော အိမ်ထောင်စုဖြစ်ကာ ကြုံရာကျဘမ်းလုပ်ကိုင်သော အိမ်ထောင်စုမှာ (၂)စုသာ ရှိကြောင်းတွေ့ရှိရပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာ ဓန အဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက် အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)
၃လအောက် ဝမ်းစာဖူလုံမှု	-	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက် အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)
၃လနှင့် ၆လကြား ဝမ်းစာဖူလုံမှု	-	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀
၆လမှ ၁၂လအထိ ဝမ်းစာဖူလုံမှု	-	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ဥစ္စာဓနအဆင့် (၃) နှင့် (၄)များရှိသော်လည်း ၎င်းတို့မှာ ကိုယ်ပိုင်စိုက်ပျိုးမြေဧကအနည်းငယ်ရှိပြီး မိသားစုစားသောက်ရန်အတွက် စပါးအနည်းငယ်နှင့် စီးပွားဖြစ်ပြောင်း အနည်းငယ်ကိုလည်း စိုက်ပျိုးကြပါသောကြောင့် တစ်မိသားစုလုံးအတွက် တစ်နေ့(၃)နပ်စာ ဝမ်းစာဖူလုံမှုရှိသည့်အတွက် အခြားနည်းဖြင့် ဝမ်းစာဖူလုံမှုအတွက် ဖြေရှင်းခြင်းတော့မရှိပါ။ ထိုအထဲမှာမှ အိမ်ထောင်စု(၂)စုမှ ကြုံရာကျဘမ်းလုပ်ကိုင်နေကြသူများဖြစ်သော်လည်း ၎င်းတို့၏ မိသားစုဝင်အချို့မှာ အခြားနေရာသို့ အလုပ်သွားရောက်လုပ်ကိုင်ပြီး ကျေးရွာတွင် ကျန်ရှိသော မိသားစုများထံသို့ ငွေပြန်ပို့ကြသောကြောင့် တစ်နေ့(၃)နပ်စာအတွက်တော့ ဝမ်းစာဖူလုံမှုရှိကြပါသည်။

(၄-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄နှစ်နှင့်အထက်	-	-	-
မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့်ပုဂ္ဂိုလ်	-	-	-
	အိမ်ထောင်စုအရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင်အိမ်ထောင်စု	-		
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု	-		
အခြားဒေသသို့ကြာမြင့်စွာ သွားရောက်နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့်အိမ်ထောင်စု	-		

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် မိသားစုမများသော်လည်းတစ်ခုလပ်ဖြစ်သော အမျိုးသားအိမ်ထောင်စု(၁)စုသာရှိပြီး ၎င်းသည် လယ်ဧက (၂)ဧကပိုင်ဆိုင်ထားသော်လည်း ငွေကြေးအခက်အခဲကြောင့်၎င်းမြေ(၂)

ဧကအား မိမိဆွေမျိုးသားချင်းထံ ပေါင်နှံထားပြီး ပြန်လည်ရွေးယူရန် ငွေကြေးမလုံလောက်သည့်အတွက် ၎င်းလယ်အား ပြန်လည်ရွေးယူထားခြင်းမရှိကြောင်း တွေ့ရှိရပါသည်။

(ဇ-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား(အခြေအနေ)	ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
၁	စားနပ်ရိက္ခာမဖူလုံမှု	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၂	သဘာဝရင်းမြစ်ရှားပါးမှု (မြေဩဇုံပျိုးရေ)	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၃	ရေကြီးခြင်း	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☑
၄	မိုးခေါင်ခြင်း	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၅	အအေးလွန်ကဲခြင်း	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၆	မုန်တိုင်း	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၇	ငလျင်	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၈	မီးဘေး	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၉	ဆားငန်ရေဝင်မြေ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၀	မြေပြိုခြင်း၊မြေဆီလွှာပျက်ယွင်းမှု	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၂	ငှက်ဖျားရောဂါ	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၁၃	တီဘီရောဂါ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၅	ပြည်တွင်းပဋိပက္ခ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၆	တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၁၇	လူကုန်ကူးခြင်း	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၈	ဝေးလံခေါင်သီ/ လမ်းပန်းဆက်သွယ်ရေးခက်ခဲစသည်	မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏ ထိခိုက်သက်ရောက်မှုနှင့်ပတ်သက်၍ မိမိတို့ကျေးရွာသည် ဟိုပန်မြို့နှင့် (၄၅/ဝ)မိုင်ခန့်ကွာဝေးသည့်အတွက်ကြောင့် လမ်းပန်းဆက်သွယ်ရေးမှာ သိပ်မခက်ခဲသော်လည်း ဝေးလံခေါင်သီသော ဒေသဖြစ်၍ ဆက်သယ်ရေးမှာ တရုတ်ဖုန်းလိုင်းသာရသဖြင့် မိုးရာသီတွင် မိုးကြီးများပစ်သော အခါ ရရှိသောတရုတ်ဖုန်းလိုင်းမှာ ပျောက်သွားပါသည်။ ထိုအချိန်တွင် မည်သို့မျှ ဆက်သွယ်၍ မရပါ။

(၎-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ
ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	လူငယ်	မြင့်☐ လတ်☐ နိမ့်☐ မရှိ☑
၂	အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့်အိမ်ထောင်စု	မြင့်☐ လတ်☐ နိမ့်☐ မရှိ☑
၃	မြေယာမဲ့၊ဆင်းရဲသားတောင်သူ	မြင့်☐ လတ်☐ နိမ့်☐ မရှိ☑
၄	သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သောအိမ်ထောင်စု/ကူးစက်ရောဂါထူပြောသောဒေသတွင်နေထိုင်သူ	မြင့်☐ လတ်☐ နိမ့်☐ မရှိ☑
၅	မြစ်ကမ်းဘေးနေထိုင်သူများ	မြင့်☐ လတ်☐ နိမ့်☐ မရှိ☑
၆	မတော်တဆမှု ဖြစ်နိုင်ခြေများသောနေရာ (Prone to accident) တွင်နေထိုင်သူများ	မြင့်☐ လတ်☐ နိမ့်☐ မရှိ☑
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ(IDP)	မြင့်☐ လတ်☐ နိမ့်☐ မရှိ☑
၈	မြေနိမ့်ပိုင်းနေထိုင်သူများ	မြင့်☐ လတ်☐ နိမ့်☐ မရှိ☑
၉	ငါးကန်ပိုင်ရှင်များ	မြင့်☐ လတ်☐ နိမ့်☐ မရှိ☑
၁၀	လက်လုပ်လက်စားများ၊ကျပန်းများ	မြင့်☐ လတ်☐ နိမ့်☐ မရှိ☑
၁၁	လူနည်းစုလူမျိုးများ	မြင့်☐ လတ်☐ နိမ့်☐ မရှိ☑
၁၂	ဒေသတွင်းပဋိပက္ခဧရိယာတွင်နေထိုင်သူများ	မြင့်☐ လတ်☐ နိမ့်☐ မရှိ☑
၁၃	နယ်စပ်ဒေသတွင်နေထိုင်သူများ	မြင့်☐ လတ်☐ နိမ့်☐ မရှိ☑
၁၄	ရွှေတွင်းလုပ်သားများ	မြင့်☐ လတ်☐ နိမ့်☐ မရှိ☑
၁၅	ဆေးစွဲသူများ	မြင့်☐ လတ်☐ နိမ့်☐ မရှိ☑
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့်☐ လတ်☐ နိမ့်☐ မရှိ☑
၁၇	လှည့်လည်သွားလာ၍ဈေးရောင်းသူများ	မြင့်☐ လတ်☐ နိမ့်☐ မရှိ☑
၁၈	နေရပ်ပြန်အခြေချသူများ	မြင့်☐ လတ်☐ နိမ့်☐ မရှိ☑
၁၉	ရွှေ့ပြောင်းလုပ်သားများ	မြင့်☐ လတ်☐ နိမ့်☐ မရှိ☑
၂၀	ကားမောင်းပြီးအသက်မွေးသူများ	မြင့်☐ လတ်☐ နိမ့်☐ မရှိ☑

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။ ထိခိုက်နိုင်မှုအန္တရာယ် နိမ့်၊ မြင့်၊ လတ် သတ်မှတ်ရာတွင် ပထမဦးစွာ မိမိကျေးရွာတွင် ထိခိုက်မှုခံရနိုင်သည့်သူများ သတ်မှတ်ပါ။ ထို့နောက် ၎င်းပုဂ္ဂိုလ်များအလိုက် ထိခိုက်နိုင်သည့် အန္တရာယ်အမျိုးအစားဖော်ပြ၍ နိမ့်၊ လတ်၊ မြင့် သတ်မှတ်ရန်ဖြစ်သည်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အဓိကလုပ်ငန်းအဖြစ် စိုက်ပျိုးရေးလုပ်ငန်းကိုသာ လုပ်ကိုင်ကြသောကြောင့် အိမ်ထောင်စု(၃၈)စုအနက် (၃၄)အိမ်မှာ ကိုယ်ပိုင်လယ်/ယာများရှိပြီး (၂)အိမ်ထောင်စုမှာ ကျောက်လုပ်ကိုင်သူဖြစ်ကာ ကျန်(၂)အိမ် အနက်(၁)အိမ်မှာ စိုက်ပျိုးရေးမလုပ်ကိုင်သော်လည်း အိမ်ဆိုင်ဖွင့်ထားပါ

သည်။ ကျန်(၁)အိမ်မှာ မိမိလယ်အား ပေါင်နှံထားပါသည်။ ကျဘမ်းလုပ်ကိုင်သူ(၂)အိမ်ထောင်စုမှာ ကျေးရွာတွင် ကျဘမ်းလုပ်ကိုင်သော်လည်း ၎င်းတို့၏ သား/သမီးများမှာ တခြားမြို့နယ်များသို့ အလုပ်သွားရောက်လုပ်ကိုင်နေပြီး ကျေးရွာတွင် ကျန်ရှိနေသော မိမိ၏မိသားစုများထံသို့ ငွေပြန်ပို့ကြသောကြောင့် အဆင်ပြေပါသည်။

(၂)ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ
(က)ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ
(က-၁)ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကို သာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
၁	လူငယ်အဖွဲ့	၁ ☐ ၂ ☑ ၃ ☐	၁၀	၁၀	၂၀	ပညာရေး☐ ငွေကြေး☐ ကျန်းမာရေး☐ ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☑	ကောင်း ☐ သင့် ☑ ညံ့ ☐
၂	အရန်မီးသတ်	၁ ☐ ၂ ☑ ၃ ☐	၂	-	၂	ပညာရေး☐ ငွေကြေး☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☑	ကောင်း ☐ သင့် ☑ ညံ့ ☐
၃	ရပ်မိရပ်ဖအဖွဲ့	၁ ☐ ၂ ☑ ၃ ☐	၄	၃	၇	ပညာရေး☐ ငွေကြေး☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☑ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☑	ကောင်း ☐ သင့် ☑ ညံ့ ☐
၄	အကအဖွဲ့	၁ ☑ ၂ ☐ ၃ ☐	၅	၅	၁၀	ပညာရေး☐ ငွေကြေး☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကို သာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
၅	ကျေးရွာ မြစိမ်းရောင် ကော်မတီအဖွဲ့	၁ ☑ ၂ ☐ ၃ ☐	၄	၃	၇	ပညာရေး☐ ငွေကြေး☑ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု– လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ – ဥပမာ – အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများမှာ (၅)ဖွဲ့လောက်သာ ဖွဲ့စည်းထားနိုင်ပါသည်။ အများစုမှာ စာမတတ်သောကြောင့်လည်းကောင်း၊ မြို့နှင့် အရမ်းလှမ်းဝေး၍သော်လည်းကောင်း ကျေးရွာ၏ သာရေး/နာရေးအတွက် သီးသန့်ဖွဲ့စည်းထားခြင်းမရှိသော်လည်း သာရေး/နာရေးကိစ္စနှင့် အခြားသောကိစ္စများဖြစ်ပေါ်လာပါက (၁)အိမ် (၁)ယောက်နှုန်းဖြင့် လာရောက်ကူညီပေးကြပါသည်။

(က–၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့်အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက် ရွေးနိုင်သည်)
၁	HPA	၁ ☐ ၂ ☐ ၃ ☐ ၄ ☐၅ ☐ ၆ ☐ ၇ ☑	ပညာရေး☐ ငွေကြေး☐ ကျန်းမာရေး☑ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ– ဓမ္မစကူးလ် ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ–ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ – သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်း မပြုပါရန်။

လေ့လာတွေ့ရှိချက်။ ။ ပြင်ပအဖွဲ့အစည်းဖြစ်သော HPA အဖွဲ့များမှာ ကျေးရွာသို့ (၁)လ(၁)ကြိမ် (သို့) (၃)လ(၁)ကြိမ် လာရောက်ပြီး ကျေးရွာရှိအမျိုးသမီးများနှင့် ကလေးငယ်များအတွက် ဆေးဝါးများ ထောက်ပံ့ပေးခြင်း၊ တစ်ကိုယ်ရေကျန်းမာသန့်ရှင်းရေးနှင့်ပတ်သက်၍ ဆပ်ပြာ၊ ခေါင်းလျှော်ရည်၊ ခွက် စသည်တို့ကို လာရောက်ထောက်ပံ့ပေးပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရရှိထားပြီး ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (VDP) ရန်ပုံငွေဖြင့် (၃၀'x၂၄'x၁၂')ရှိသော ပညာရေးဝန်ထမ်းအိမ်ရာအား ဆောင်ရွက်ထားကြောင်း တွေ့ရှိရပါသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှု အရွယ်အစား	အိမ်ထောင်စု အရေအတွက်	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၃	မြေမဲ့ယာမဲ့
၂	၂.၅ဧကအောက်	၁၄	ဆင်းရဲသားတောင်သူ
၃	၂.၅ဧကမှ၅ဧကကြား	၁၅	တောင်သူငယ်
၄	၅ဧကမှ၁၂.၅ဧကကြား	၅	တောင်သူလတ်
၅	၁၂.၅ဧကအထက်	၁	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း		**၃၈**	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် စိုက်ပျိုးမြေပိုင်ဆိုင်မှုမြေမဲ့ယာမဲ့မှာ(၃)အိမ်ထောင်စုသာရှိပြီး စိုက်ပျိုးမြေအနည်းငယ်ကရှိသော အိမ်ထောင်စုအချို့မှာ မိမိလယ်မှပြောင်းများ ရိတ်သိမ်းပြီးလျှင် အခြားသူများထံသို့ နေ့စားအနေဖြင့် သွားရောက်လုပ်ကိုင်ကြပါသည်။

(၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာတစ်ခုကိုသာရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	ဆည်	-	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐	ရှိ ☐ မရှိ ☐
၂	ရေလွှဲဆည်	-	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐	ရှိ ☐ မရှိ ☐
၃	မြစ်ရေတင်စီမံကိန်း	-	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐	ရှိ ☐ မရှိ ☐
၄	ရေသွင်းမြောင်း	-	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐	ရှိ ☐ မရှိ ☐
၅	အဝီစိတွင်း	-	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐	ရှိ ☐ မရှိ ☐
၆	လက်ငင် ရေတွင်း	-	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐	ရှိ ☐ မရှိ ☐
၇	စိမ့်စမ်းရေ	-	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐	ရှိ ☐ မရှိ ☐
၈	ချောင်းရေ	၉၃	တစ်နှစ်ပတ်လုံး☑ ရာသီအလိုက်☐	ရှိ ☑ မရှိ ☐

ရင်းမြစ် ... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် စိုက်ပျိုးမြေဧကစုစုပေါင်း (၁၃၇.၅)ဧကရှိသည့်အနက် ရေသွင်းစိုက်ပျိုးသည့်လယ်ဧကမှာ (၉၃)ဧကသာရှိပါသည်။ ကျန်ရှိသော (၄၄.၅)ဧကမှာ တောင်ယာဧက(၂၉.၅)ဧက၊ ဥယျာဉ်ခြံဧကမှာ(၅)ဧကနှင့် မြေလွတ်/မြေလပ်ဧကမှာ (၁၀)ဧက ရှိပါသည်။ စိုက်ပျိုးရေကို အနီးအနားရှိ မုန်းကွန်ချောင်းမှရေကို ရေစုပ်စက်ဖြင့် လယ်ထဲသို့ ရေသွင်းစိုက်ပျိုးကြပါသည်။ စိုက်ပျိုးရေမှာ တစ်နှစ်ပတ်လုံးအတွက် လုံလောက်သော်လည်း နွေရာသီနှင့် ဆောင်းရာသီတွင် ရေနည်းပါးသောကြောင့် အလှည့်ကျ စနစ်ဖြင့် ရေသွင်းစိုက်ပျိုးကြပါသည်။ ထိုသို့ရေသွင်းစိုက်ပျိုးချိန်တွင် လယ်သမားများမှာ မိမိလယ်ထဲသို့ ရေများရောက်ရှိရန်အတွက် ရေမြောင်းများအား မကြာခနပြန်လည်တူးဖော်ပေးရသောကြောင့် အခက်အခဲများစွာရှိပါသည်။ ထိုအခက်အခဲများမှ ကင်းလွတ်စေရန် စိုက်ပျိုးရေအတွက် ရေသွယ်မြောင်းအား ပြုလုပ်ပေးစေလိုပါသည်။

(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဧယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်းစိုက်ဧက	တစ်ဧကအထွက်နှုန်း				သီးနှံစိုက်ပျိုးသည့်ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အမြတ်ရရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ		
ပြောင်း	၇၃	အိတ်	၃၀	၅၀	၄၀	ဇွန်	နိုဝင်ဘာ	မြင့်☐လတ်☑ နိမ့် ☐	မြင့်☐လတ်☑ နိမ့် ☐
စပါး	၃၁	တင်း	၄၅	၅၀	၄၃	ဇွန်	အောက်	မြင့်☐လတ်☑	မြင့်☐လတ်☑

သီးနှံ	စုစုပေါင်းစိုက်ကေ	တစ်ကေအထွက်နှုန်း				သီးနှံစိုက်ပျိုးသည့်ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာရွေးရန်)	အမြတ်ရရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ		
							တိုဘာ	နိမ့် ☐	နိမ့် ☐
ပဲ	-	ကီလို	၃၆၀	၅၆၀	၄၅၀	နိုဝင်ဘာ	မတ်	မြင့်☑လတ်☐ နိမ့် ☐	မြင့်☐လတ်☐ နိမ့် ☑

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ပြောင်း၊ စပါးနှင့် ပဲသီးကို စိုက်ပျိုးကြသော်လည်း စီးပွားအဖြစ် ပြောင်းကိုသာ အဓိကထားစိုက်ပျိုးကြပြီး စပါးကိုမိမိအိမ်အတွက် ဝမ်းစာဖူလုံရန်အတွက်သာ စိုက်ပျိုးကြပါသည်။ ယခင်နှစ်များတွင် ပဲသီးကို စီးပွားအဖြစ်စိုက်ပျိုးကြသော်လည်း ပုံမှန်စေ့းကွက်မရရှိ၍သော်လည်းကောင်း၊ ပဲသီးစိုက်ပျိုးချိန်တွင် မြေဩဇာများများထည့်နိုင်လေလေ အထွက်နှုန်းက ပိုများလေလေ ဖြစ်သောကြောင့် အရင်းအနှီးငွေများ၍သော်လည်းကောင်း၊ ကျွန်တော်တို့ကျေးရွာသည် တရုတ်ပြည်နှင့် နီးသည့်အတွက် ပဲသီးဒိုင်များမှာလည်း တရုတ်လူမျိုးများသာဖြစ်ပြီး ပိုက်ဆံကို တရုတ်ငွေဖြင့်သာ ချေကြပါသဖြင့် တရုတ်ငွေစေ့းနှုန်းပေါ်မူတည်၍ ပဲသီးစေ့းနှုန်းများမှာ နေ့စဉ်အတက်အကျရှိပါသောကြောင့် အများအားဖြင့် အရှုံးများနှင့်သာ ရင်ဆိုင်နေရပါသောကြောင့် ပဲသီးကို သိပ်မစိုက်ဖြစ်ကြပေ။ ထို့အပြင် စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ပျိုးရေးနှင့် ပတ်သက်၍ နည်းပညာများ၊ ဗဟုသုတများအား လာရောက်သင်တန်းပေးခြင်းနှင့် စိုက်ပျိုးလယ်ဘက်သွားရာလမ်းအား ကုန်ထုတ်လမ်းအဖြစ် ဆောင်ရွက်ပေးစေလိုပါသည်။

(၄) လယ်ယာသုံး စက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသောတောင်သူအရေအတွက်
ထွန်စက်	၁	-	-	-
လက်တွန်းထွန်စက်	၃၉	-	-	၄
အစေ့ချကိရိယာ	၃	-	-	-
ရိတ်သိမ်းခြွေလှေ့စက်	-	-	-	-
ရိတ်သိမ်းစက်	၂	-	-	-
ခြွေလှေ့စက်	၄	-	-	-
ရေစုပ်စက်	၁၁	-	-	-
ခြေနင်းရေတင်စက်	၁	-	-	-

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသော တောင်သူအရေအတွက်
မြက်ရိတ်စက်	၂၃	-		၁

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ အိမ်ထောင်စု(၃၈)စုအနက် လက်တွန်းထွန်စက်မပိုင်သော အိမ်ထောင်စု (၇)စု သာရှိပြီး ၎င်းတို့တွင် လယ်ရှိပြီး လက်တွန်းထွန်စက်အား ငှားရမ်း၍ လုပ်ကိုင်ရသောအိမ်ထောင်စုမှာ (၄)စု ရှိပါသည်။ ဆီထည့်ပေးခြင်းဖြင့် အခကြေးငွေမယူပဲ လယ်ယာသုံးပစ္စည်းများအား ငှားရမ်းပေးကြပါသည်။ ကျန်(၃)အိမ်ထောင်စုအနက် (၂)စုမှာ ကျဘမ်းလုပ်ကိုင်ကြပြီး ကျန်(၁)အိမ်ထောင်စုမှာ ၎င်းလယ်အား မိမိ ဆွေမျိုးသားချင်းထံ ပေါင်နှံထားပါသည်။

(၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက်(မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား၁၇နှင့်၁၈ကိုချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက် များရှိပါက "မဖြေဆိုပါ" ဟူသောအကွက်ကိုရွေးရန်။)
သဘာဝရေမြေရာသီဥတုအနေအထား	အလွန်ကောင်း☐ ကောင်း☑ သင့်တင့်မျှတ☐ မဖြေဆိုပါ☐
လယ်ယာမြေအသုံးချနိုင်မှု	အလွန်ကောင်း☑ ကောင်း☐ သင့်တင့်မျှတ☐ မဖြေဆိုပါ☐
စိုက်ပျိုးရေအရင်းအမြစ်	ပေါများ☑ အသင့်အတင့်ရှိ☐ မဖြေဆိုပါ☐
ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု	အလွယ်တကူရသည်☐ ရသည်☑ မဖြေဆိုပါ☐
သီးနှံမျိုးစေ့ရရှိနိုင်မှု	မျိုးကောင်းမျိုးသန့်များကိုလွယ်ကူစွာဝယ်ယူနိုင်သည်☐ သီးနှံမျိုးစေ့များ ဝယ်ယူရရှိနိုင်သည်☑ မဖြေဆိုပါ☐
သဘာဝမြေဆွေး/ အော်ဂဲနစ်မြေဩဇာနှင့် အခြားအော်ဂဲနစ်သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည် ☐ ဝယ်ယူရနိုင်သည်☐ မဖြေဆိုပါ ☑
ဓာတုပိုးသတ်ဆေး၊ဓာတ်မြေဩဇာနှင့် အခြား ဓာတုဗေဒသွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☑ ဝယ်ယူရနိုင်သည်☐ မဖြေဆိုပါ ☐
လုပ်သားရရှိနိုင်မှု	အလွယ်တကူရနိုင်သည်☐ ရနိုင်သည်☑ မဖြေဆိုပါ☐
နည်းပညာ၊ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	အလွယ်တကူရနိုင်သည်☐ ရနိုင်သည်☑ မဖြေဆိုပါ☐
သီးနှံဈေးကွက်နှင့်ကုန်သွယ်မှု	သီးနှံများကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည် ☐ သီးနှံများကို ရောင်းချနိုင်သည် ☑ မဖြေဆိုပါ ☐

ရင်းမြစ် ...(၁)ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂)သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် မွေးမြူရေးလုပ်ကိုင်သူနည်းပါးသည့်အတွက် သဘာဝမြေဩဇာများ ရရှိနိုင်မှု အလွန်နည်းပါးပါသည်။ အသုံးများပါသည်။ စိုက်ပျိုး/ရိတ်သိမ်းချိန်တွင် လုပ်သားငှားရမ်း၍သော်လည်းကောင်း၊ တစ်အိမ်တစ်ရက်အလှည့်ကျစနစ်ဖြင့် အချင်းချင်းကူညီ၍သော်လည်းကောင်း စိုက်ပျိုး/ရိတ်သိမ်းခြင်းများ ဆောင်ရွက်ကြပါသည်။ ကျွန်တော်တို့ကျေးရွာသည် တရုတ်ပြည်နှင့်နီးသော်လည်း သီးနှံစျေးကွက်နှင့်ပတ်သက်၍ ပုံမှန်စျေးကွက်မရနိုင်ပါ။ သို့ဖြစ်ပါ၍ စိုက်ပျိုးရေးနှင့်ပတ်သက်၍ နည်းပညာသင်တန်းများအား လာရောက်ပေးစေလိုပါသည်။စျေးကွက်နှင့်ပတ်သက်၍ ပုံမှန်စျေးကွက်ရရှိရန် ဆောင်ရွက်ပေးစေလိုပါသည်။

(၆) သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ

ပြဿနာနှင့်အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက် (<u>အနည်းဆုံးတစ်ခုနှင့်အထက်</u> ရွေးနိုင်သည်။ ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
သဘာဝရေမြေရာသီဥတုအနေအထား	မြေဆီဩဇာမကောင်း☐ ရာသီဥတုမမှန်☐ မဖြေဆိုပါ☑
လယ်ယာမြေအသုံးချနိုင်မှု	လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ☐ ပလပ်မြေများရှိသည် ☐ လယ်ယာမြေဆုံးရှုံးမှုများသည် ☐ လယ်ယာမြေဆုံးရှုံးမှု အသင့်အတင့်ရှိသည် ☐ ပလပ်မြေအသင့်အတင့်ရှိသည် ☐ မဖြေဆိုပါ ☑
စိုက်ပျိုးရေအရင်းအမြစ်	အလွယ်တကူမရနိုင်☐ လုံးဝမရ☐ မဖြေဆိုပါ☑
ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု	အလွယ်တကူမရနိုင်☐ လုံးဝမရ☐ မဖြေဆိုပါ☑
သီးနှံမျိုးစေ့ရရှိနိုင်မှု	အလွယ်တကူမရနိုင်☐ လုံးဝမရ☐ မဖြေဆိုပါ☑
သဘာဝမြေဆွေး/အော်ဂဲနစ်မြေဩဇာနှင့်အခြားအော်ဂဲနစ်သွင်းအားစုများ	အလွယ်တကူမရနိုင်☑ လုံးဝမရ☐ မဖြေဆိုပါ☐
ဓာတုပိုးသတ်ဆေး၊ဓာတ်မြေဩဇာနှင့်အခြားဓာတုဗေဒသွင်းအားစုများ	အလွယ်တကူမရနိုင်☐ လုံးဝမရ☐ မဖြေဆိုပါ☑
လုပ်သားရရှိနိုင်မှု	အလွယ်တကူမရနိုင်☐ လုံးဝမရ☐ မဖြေဆိုပါ☑
နည်းပညာ၊ အုပ်ချုပ်ရေးပိုင်းဆိုင်ရာဝန်ဆောင်မှုများ	အလွယ်တကူမရနိုင်☑ လုံးဝမရ☐ မဖြေဆိုပါ☐
သီးနှံစျေးကွက်နှင့်ကုန်သွယ်မှု	သီးနှံများကို လွယ်ကူစွာနှင့် စျေးနှုန်းမှန်ကန်စွာဖြင့် မရောင်းချနိုင်ပါ ☑ သီးနှံများကိုရောင်းချရန်စျေးကွက်မရှိပါ☐ မဖြေဆိုပါ☐
ဖျက်ပိုးနှင့်ရောဂါကျရောက်မှု	ဆိုးရွားစွာကျ☐ အသင့်အတင့်ကျ☐ အနည်းငယ်☑ မဖြေဆိုပါ ☐

ရင်းမြစ် (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။ အခက်အခဲနှင့် ပြဿနာမှာ သဘာဝမြေဆွေး/အော်ဂဲနစ်မြေဩဇာများအား ရရှိနိုင်မှုမှာ အလွန်နည်းပါးပါသည်။ ထွက်ရှိလာသောသီးနှံများကို ဈေးကွက်တွင် သွားရောက်ရောင်းချနိုင်သော်လည်း ပုံမှန်ဈေးကွက်အတိုင်းမရရှိနိုင်သောကြောင့်လည်းကောင်း၊ ဈေးကွက်မတည်ငြိမ်မှုများနှင့် သာအများအားဖြင့် ရင်ဆိုင်နေရသောကြောင့် လယ်သမားများအတွက် မကြာခဏ ဆုံးရှုံးမှုများနှင့် ရင်ဆိုင်နေရပါသည်။

(ခ-၂) မွေးမြူရေးလုပ်ငန်း

(၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ

ဇယား (၁၉) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ

မွေးမြူရေးနှင့်ငါးလုပ်ငန်း	မွေးမြူရေးနှင့်ငါးလုပ်ငန်း လုပ်ကိုင်နေသောအိမ်ထောင်စု	ကောင်ရေ
မွေးမြူရေး		
နွား	၁၃	၂၈
နို့စားနွား	၁	၁
ကျွဲ	၃	၈
မြင်း	၁	၂
မြည်း	-	-
လား	-	-
ဆိတ်	-	-
သိုး	-	-
ဝက်	၉	၁၉
ကြက်	၂၂	၂၁၆
ဘဲ	-	-
နွားနောက်	-	-
ငါးလုပ်ငန်း		
ငါးကန်	-	-
ပုဇွန်ကန်	-	-
ဂဏန်းမွေးမြူရေးလုပ်ငန်း	-	-
ရေချိုငါးဖမ်းလုပ်ငန်း	-	-
ကမ်းလွန်ငါးဖမ်းလုပ်ငန်း	-	-

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။စီးပွားဖြစ်မွေးမြူရေးမလုပ်ရခြင်းအကြောင်းရင်းမှာ သားပေါက်ဈေး အလွန်ကြီးခြင်း/ဝယ်ယူလာသောသားပေါက်များမှာ မျိုးကောင်းမျိုးသန့်မဟုတ်ခြင်း၊ အချိန်တိုအတွင်း ဆုံးရှုံးမှုများ

